# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 7, 2020 Volume 28, Number 5


၇.၂.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၆၆/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၇၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၅၀/- ကျပ် |
| CBM Rate | = ၁၄၅၁.၆ /ကျပ် |
| ယူရို တစ်ယူရို | = ၁၅၉၁.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၄၅.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၇၆.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၂၀.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၂.၄၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၇.၇၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၃၅၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၁.၉၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၅၀.၈၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၆.၄၆၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ဒုတိယအကြိမ်မြောက် နိုင်ငံတကာကုန်စည်ပြပွဲနှင့် စီးပွားရေးစကားဝိုင်း မန္တလေး၌ကျင်းပမည်




ပြည်တွင်းလုပ်ငန်းရှင်များအပြင် ပြည်ပရင်းနှီးမြှုပ်နှံသူများ ပါဝင်ပြသမည့် နိုင်ငံ တကာကုန်စည်ပြပွဲနှင့် စီးပွားရေးစကားဝိုင်း (The 2nd Mandalay International Trade Fair & Business Forum 2020) ကို မန္တလေးမြို့တွင် ဒုတိယ အကြိမ်မြောက် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါပွဲကို မတ်လအတွင်း ကျင်းပရန် စီစဉ်ထားပြီး ပြပွဲအတွင်း ပါဝင်ပြသလိုသော စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) မှသိရသည်။ "မန္တလေးဆိုတာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသက ကုန်စည်စီးဆင်းမှုအချက်အချာကျတဲ့ မြို့ဖြစ်သလို Smart City အဖြစ်ပြောင်းလဲဖို့ ကြိုးစားနေတဲ့ အာဆီယံ ၁၀ မြို့ထဲက တစ်မြို့လည်း ဖြစ်တာကြောင့် အခုလိုမျိုး နိုင်ငံတကာကုန်စည်ပြပွဲနဲ့ စီးပွားရေးစကားဝိုင်းတွေ ပြုလုပ်ပေးခြင်းအားဖြင့် ဒေသတွင်းလုပ်ငန်းရှင်တွေ ဖွံ့ဖြိုးတိုးတက်စေဖို့နဲ့ Smart City အဖြစ် ဖော်ဆောင်ရေးကဏ္ဍမှာ တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုစေမှာပါ။ Smart City အဖြစ် သတ်မှတ်ခံရဖို့ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ လမ်းပန်း ဆက်သွယ်ရေး၊ လုံလောက်တဲ့စွမ်းအင်စနစ်၊ ခေတ်မီအဆောက်အအုံနဲ့ မြို့ပြအင်္ဂါရပ် တွေ ကို Information, Communication Technology (ICT), Internet Of Things (IOT) စတဲ့နည်းပညာတွေနဲ့ပေါင်းစပ်ပြီး မြို့ပြစနစ်တစ်ခုလုံးကို တည်ဆောက်ရာမှာ စီးပွားရေးလုပ်ငန်းတွေ အားကောင်းနေဖို့အရေးကြီးပါတယ်။ ဒါကြောင့် နိုင်ငံတကာ ကူးသန်းရောင်းဝယ်ရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုနဲ့ ဈေးကွက်ချဲ့ထွင်နိုင်ရေး၊ ဒေသတွင်း ထွက်ကုန်ပစ္စည်းတွေကို အခြေပြုလုပ်ကိုင်နေကြတဲ့ ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင် များအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်စေရေး၊ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင် အမြောက်အမြား ပေါ်ပေါက်လာစေရေး၊ စီးပွားရေးအခွင့်အလမ်းများ

ပေါ်ပေါက်လာ စေရေးတို့အတွက် လုပ်ငန်းရှင်တွေအချင်းချင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ဖို့စီစဉ် ထားပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်က မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောကြားသည်။

အဆိုပါကုန်စည်ပြပွဲနှင့် စီးပွားရေး ဆွေးနွေးပွဲကို သိပ္ပံလမ်းရှိ Mandalay Convention Center (MCC) တွင် လာမည့် မတ် ၂၅ ရက်မှ ၂၇ ရက် အထိ ဆိုင်ခန်းပေါင်း ၂၉၅ ခန်းဖြင့် သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက် စွာကျင်းပမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါပွဲအတွင်း ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူအများအပြားလာရောက်လေ့လာကြမည်ဖြစ်ပြီး စီးပွားရေး လုပ်ငန်းများအဖြစ် အိမ်ခြံမြေ၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ နည်းပညာဆိုင်ရာဝန်ဆောင်မှုစသည်ဖြင့် အမျိုးအစား စုံလင်စွာ ပါဝင်မည်ဖြစ်ကြောင်းသိရသည်။ ပြပွဲ၌ပါဝင်ပြသလိုသည့်လုပ်ငန်းရှင်များအတွက် ဆိုင်ခန်းတစ်ခန်းလျှင် နေရာအကျယ်အဝန်း ပေါ်မူတည်၍ ငှားရမ်းခကို အမေရိကန်ဒေါ်လာ ၃၀၀ မှ ၆၀၀ အထိသတ်မှတ်ထားရာ MRCCI ယာယီ ရုံးခန်းတည်ရှိရာ ၂၆ လမ်း ၈၄ လမ်း ဈေးချိုတိုက်တန်း တတိယထပ်သို့ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/134969.html

## အာဆီယံထုတ်လုပ်ရေးကဏ္ဍ ရှစ်လဆက်တိုက် ဆိုးရွားနေပြီး အာဆီယံနိုင်ငံများထုတ်လုပ်မှု PMI ညွှန်းကိန်း၏ အဆင့် (၁) နေရာတွင် မြန်မာနိုင်ငံ ၁၂ လဆက်တိုက်ရပ်တည်



အာဆီယံနိုင်ငံများ ထုတ်လုပ်မှု PMI ညွှန်းကိန်း၏ အဆင့် (၁) နေရာတွင် မြန်မာနိုင်ငံ ၁၂ လဆက်တိုက် ရပ်တည်နိုင်ခဲ့ပြီး အာဆီယံ ထုတ်လုပ်ရေးကဏ္ဍ ရှစ်လဆက်တိုက် ဆုတ်ယုတ်နေကာ စစ်တမ်း တွင်ပါဝင်သည့် ခုနစ်နိုင်ငံအနက် စင်ကာပူ၊ အင်ဒိုနီးရှား နှင့် မလေးရှားနိုင်ငံတို့မှ လုပ်ငန်းအခြေအနေများ ဆိုးရွားစွာ ကျဆင်းနေကြောင်း Nikkei ၏ ပံ့ပိုးမှုဖြင့် ပြုလုပ်သော HIS Markit စစ်တမ်းမှသိရသည်။ အာဆီယံထုတ်လုပ်ရေး ကုမ္ပဏီများ၏ လုပ်ကိုင်မှုအခြေအနေများသည် ဇန်နဝါရီတွင် ရှစ်လဆက်တိုက် ဆိုးရွားလာခဲ့ပြီး ကျဆင်းမှုနှုန်းမှာ ၂၀၁၉ ခုနှစ် ဇွန်တွင် စတင်ခဲ့သည့် လက်ရှိကျဆင်းမှုအတွင်း အားအပျော့ဆုံးဖြစ်ခဲ့ကာ အော်ဒါမှာယူမှုပမာဏများ တိုးလာသည်နှင့်အမျှ လုပ်ငန်းသစ်များသည် လည်း ခုနစ်လအတွင်း ပထမဦးဆုံးအကြိမ်တိုးလာခဲ့သည်။ အာဆီယံ PMI အညွှန်းကိန်းသည် ဒီဇင်ဘာတွင် ၄၉ ဒသမ ၇ ရှိခဲ့ရာမှ ဇန်နဝါရီတွင် ၄၉ ဒသမ ၈ ရှိလာသော်လည်း အာဆီယံထုတ်လုပ်ရေးကဏ္ဍ ရှေ့ဆက်ဆိုးရွားနေခြင်းကို အချက်ပြ ခဲ့သည်။ တစ်ဖက်တွင်လည်းကျဆင်းမှုမှာ ရှစ်လတာကြာမြင့်ခဲ့ပြီးဖြစ်သည့် လက်ရှိကျဆင်းမှုကာလတွင် အားအပျော့ဆုံး ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံသည် လေ့လာမှုထဲပါဝင်သည့် ခုနစ်နိုင်ငံအနက် နောက်ဆုံး ၁၂ လအတွင်း မြင်ခဲ့ကြရသည့်အတိုင်း အကောင်းဆုံး လုပ်ကိုင်နိုင်စွမ်းကို ပြသခဲ့သည်။ မြန်မာနိုင်ငံ၏ အညွှန်းကိန်း ၅၂ ဒသမ ၇ ရှိပြီး လုပ်ကိုင်မှုအခြေအနေများ အခိုင်အမာတိုးတက်လာခြင်းကို အချက်ပြနေသည်။ ဖိလစ်ပိုင်နိုင်ငံကပါ တိုးတက်မှုကို မှတ်တမ်းတင်နိုင်ခဲ့ပြီး အညွှန်းကိန်း ၅၂ ဒသမ ၁ ဖြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစပြီး ပူးတွဲအမြင့်ဆုံးသို့ တက်လှမ်းလိုက်ခြင်းဖြစ်ကာ အော်ဒါသစ်များ အခိုင်အမာ တိုးရလာခြင်း၏ပံ့ပိုးမှုအားဖြင့် ထုတ်လုပ်ရေးကဏ္ဍ အခြေအနေအသင့်အတင့် တိုးတက်လာမှုကိုအချက်ပြခဲ့သည်။ ဗီယက်နမ် သည် ဇန်နဝါရီတွင် လုပ်ကိုင်မှုအခြေအနေများ သုံးလဆက်တိုက် တိုးတက်လာနေကြောင်း ပြသနိုင်ခဲ့သော်လည်း အညွှန်းကိန်း မှာ ၅၀ ဒသမ ၆ ဖြင့် အနည်းငယ်သာ တိုးတက်သည်ကိုညွှန်ပြနေပြီး လွန်ခဲ့သည့်ခြောက်နှစ်အတွင်း မှတ်တမ်းတင်ခဲ့သည့် အနိမ့်ဆုံးအညွှန်းကိန်းများအနက် တစ်ခုဖြစ်သည်။ ထိုင်းနိုင်ငံအတွင်း ထုတ်လုပ်ရေးအခြေအနေများမှာတုံ့ဆိုင်းနေပြီး အညွှန်းကိန်း မှာ ဇန်နဝါရီတွင် ၄၉ ဒသမ ၉ သို့ နိမ့်ကျသွားသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ကျဆင်းမှုမှာ ခုနစ်လဆက်တိုက်ကြာမြင့်လာခဲ့ပြီဖြစ် သော်လည်း ၄၉ ဒသမ ၃ ဖြင့် ဆက်လက်ကျဆင်းမှုကို အချက်ပြနေသည်။ စင်ကာပူနိုင်ငံသည် လုပ်ကိုင်မှု အခြေအနေများ

ဆက်လက်ဆိုးရွားလာမှုကို အညွှန်းကိန်း ၄၉ ဒသမ ၂ ဖြင့် မှတ်တမ်းတင်ခဲ့သော်လည်း ၁၈ လကြာမြင့်ခဲ့ပြီဖြစ်သည့် ကျဆင်းမှုကာလတွင် အရှိန်အနည်းဆုံးနှုန်းဖြစ်သည်။ မလေးရှားသည့် စောင့်ကြည့်နေသည့် ခုနစ်နိုင်ငံအနက် အခြေအနေ ဆိုးရွားမှုအပြင်းထန်ဆုံးနှုန်းကို မှတ်တမ်းတင်ခဲ့ပြီး အညွှန်းကိန်း ၄၈ ဒသမ ၈ သာရှိခဲ့သည်။ ခြုံပြောရပါက ဇန်နဝါရီဒေတာမှတစ်ဆင့် အာဆီယံ ထုတ်လုပ်ရေးကဏ္ဍတစ်ဝန်း ထုတ်လုပ်နိုင်စွမ်းအား အားနည်းနေခြင်းကို မီးမောင်းထိုးပြနေသည်။ အခြားတစ်ဖက်တွင်လည်း တိုးတက်လာမည့် နိမိတ်လက္ခဏာအချို့ ရှိခဲ့ကြပြီး ခုနစ်လအတွင်း ထုတ်လုပ်မှုသည် ပထမဦးဆုံးအကြိမ် ၀ ဒသမ ၁ ဂဏန်းဖြင့် ဦးမော့ခဲ့လျက် အော်ဒါသစ်များမှာ ယှဉ်ကြည့်လျှင် တိုးတက်ခဲ့သည်။

အာဆီယံထုတ်လုပ်ရေး ကုမ္ပဏီများက လာမည့်နှစ်အတွင်း ထုတ်လုပ်မှုတိုးတက်လာမည်ဟု ဆက်လက် ယုံကြည်လျက်ရှိကြခြင်းမှာ အားတက်ဖွယ်ရာ ကောင်းနေသည်။ ယင်းမျှော်လင့်ချက်များမှာ ခုနစ်လအတွင်း အမြင့်ဆုံးသို့ တက်လှမ်းလိုက်သော်လည်း စစ်တမ်း၏ ရေရှည်ပျမ်းမျှနှင့်ဆက်စပ်ပြောရလျှင် အားနည်းလျက်ရှိနေဆဲဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ကုန်ထုတ်လုပ်ရေးကဏ္ဍ၏ လုပ်ငန်းအခြေအနေသည် စစ်တမ်းဒေတာအရ ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းတွင် ဆက်လက်တိုးတက်ခဲ့သည်။ ၂၀၁၉ နှစ်ကုန်ပိုင်းတွင် တိုးတက်မှုနှုန်း အနည်းငယ်ကျဆင်းခဲ့ပြီးနောက် အဘက်ဘက်က တိုးတက်မှုနှုန်းပြန်လည်အားကောင်းခဲ့ပြီး ထုတ်လုပ်မှု၊ အော်ဒါသစ်များနှင့် ဝယ်ယူရေးလုပ်ငန်းအားလုံးသည် အရှိန်အဟုန်ဖြင့် တိုးတက်ခဲ့ကာ ကုန်ထုတ်လုပ်ရေး စက်ရုံများ၌ အလုပ်ခန့်မှု စံချိန်တင်နီးပါးမြင့်တက်လာခဲ့သည်။ စစ်တမ်းအရ ကုန်ထုတ်လုပ်ရေးကဏ္ဍတွင် ငွေကြေးဖောင်းပွမှုဖိအား ဆက်လက်ဖြစ်ပေါ်ခြင်းမရှိကြောင်းအချက်ပြခဲ့ပြီး ကုမ္ပဏီများအနေဖြင့် တစ်နှစ်တာအတွင်း ထုတ်လုပ်မှုမြင့်မားလာမည်ဖြစ်ကြောင်း ယုံကြည်မှုပိုမိုမြင့်မားလာသည်။

**Source:** https://news-eleven.com/article/158235

## ဖေဖော်ဝါရီလအတွင်း ဖရဲ၊ သခွားဈေးမြင့်တက်ဖွယ်မရှိ



တရုတ်နိုင်ငံ ဝူဟန်မြို့ကစတင်ဖြစ်ပွားခဲ့တဲ့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကျဆင်းခဲ့တဲ့ ဖရဲသခွားဈေးနှုန်းတွေဟာ ဖေဖော်ဝါရီလအတွင်းတော့ ပြန်လည်မြင့်တက်လာဖွယ်မရှိဘူးလို့ သစ်သီးဝလံကုန်စည်ဒိုင် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ကသိရပါတယ်။ ဖရဲသခွားဈေးတွေဟာ တရုတ်နှစ်ကူးမတိုင်ခင်က ၈၅၅ ဖရဲတစ်စီးကို တရုတ်ယွမ်ငွေ ၄၅,၀၀၀ ယွမ်ကနေ ၄၈,၀၀၀ ယွမ်အထိ ဈေးဖြစ်ခဲ့ပေမဲ့ သည်ကနေ့ မှာတော့ ၁၈,၀၀၀ ယွမ်ဈေးခန့်သာရှိပါတော့တယ်။ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နောက်ပိုင်းဈေးကွက်လှုပ်လာနိုင်ပေမဲ့ တရုတ်နှစ်ကူးမတိုင်ခင် ရရှိခဲ့တဲ့နှုန်းတွေကိုတော့ သည်လအတွင်းမှာမရနိုင်ဘူးလို့ဆိုပါတယ်။

သစ်သီးဝလံကုန်စည်ဒိုင်ဒုတိယဥက္ကဋ္ဌ စိုင်းခင်မောင်က " ဈေးကွက်အနေအထားကတော့ ၁၀ ရက်နောက်ပိုင်းမှ နည်းနည်းလှုပ်လှုပ်ရှားရှားပြန်ဖြစ်မယ်လို့ မှန်းတယ်၊ တရုတ်ဘက်မှာလဲ ၁၀ ရက်နောက်ပိုင်းကျမှ စက်ရုံအလုပ်ရုံလမ်းပန်းဆက်သွယ်ရေးတွေ အကုန်ပြန်ပွင့်ပြီလေ၊ ဒီ ဈေးတန်းကို ဒီလထဲမှာ လုံးဝမျှော်မှန်းလို့မရသေးဘူး၊ အဲဒီဈေးတန်းကို ပြန်ရောက်ဖို့မလွယ်ဘူး၊ အရှိန်ယူရဦးမယ်၊ ဈေးကွက်ပြန်တည်ဆောက်ရဦးမယ်၊ ဖြည်းဖြည်းချင်းပြန်သွားရမယ်"လို့ပြောတယ်။ လက်ရှိအချိန်မှာ ဖရဲသခွား အရောင်းအဝယ်ကျဆင်းနေတဲ့အ တွက် တောင်သူတွေအနေနဲ့ နစ်နာဆုံးရှုံးမှုမရှိစေဖို့အတွက် တရုတ်ဘက်က ရောဂါထိန်းချုပ်နိုင်ပြီး အခြေအနေတည်ငြိမ်တဲ့အထိ စောင့်ဆိုင်းပြီးမှတင်ပို့ဖို့ သစ်သီးဝလံကုန်စည်ဒိုင် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်က ဇန်နဝါရီနောက်ဆုံးပတ်မှာ အထူးသတိပေးကြေညာချက်တစ်စောင်ထုတ်ပြန်ပါတယ်။ မြန်မာဘက်မှတင်ပို့တဲ့ သစ်သီးဝလံတွေကို တရုတ်နိုင်ငံက အရေးပေါ်အခြေအနေနဲ့သယ်ယူပို့ဆောင်ရေးလမ်းကြောင်း ကန့်သတ်ထားမှုတွေကြောင့် တင်ပို့ရောင်းချမှုနဲ့ ဝယ်ယူရေးဈေးကွက်မှာ အခက်အခဲတွေဖြစ်ပေါ်နေတာပါ။

**Source:** https://www.kumudranews.com/news-37049

## မန္တလေးတိုင်း၌ ရင်းနှီးမြှုပ်နှံရန် အမေရိကန်လုပ်ငန်းရှင်များ စိတ်ဝင်စားမှုများနေ




မန္တလေးတိုင်းဒေသကြီးအတွင်း၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အမေရိကန်လုပ်ငန်းရှင်များအနေဖြင့် စိတ်ဝင်စားမှုမြင့်တက်လျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံ၏ အထင်ကရမြို့တော်ဖြစ်သည့် မန္တလေးတိုင်းဒေသကြီးအတွင်း၌ အလုပ်အကိုင်အခွင့်အလမ်း များပြားခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ဒေသတွင်းစီးပွားရေး လုပ်ကိုင်နိုင်ရန် ကောင်းမွန်သော အခွင့်အလမ်းများဖော်ဆောင်ပေးခြင်းတို့ကြောင့် အမေရိကန်နိုင်ငံ လုပ်ငန်းရှင်များနှင့်ကုမ္ပဏီများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုတိုးလာသည်ဟု အမေရိကန်နိုင်ငံသံအမတ်ကြီး မာစီရယ်ကပြောသည်။

အမေရိကန်သံအမတ်ကြီးဦးဆောင်သည့် ကုန်သွယ်ရေးကိုယ်စားလှယ် ၂၀ သည် မန္တလေးတိုင်းအတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် အချိတ်အဆက်ရရှိရန် တိုင်းအစိုးရ အဖွဲ့ဝင်များ၊ MRCCI မှ တာဝန်ရှိသူများနှင့် မန္တလေးကွန်ဗင်းရှင်းစင်တာတွင် ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီကပြုလုပ်သည့် တွေ့ဆုံပွဲ၌ပြောကြားခဲ့သည်။ "စီးပွားရေးသမားကတော့ အလုပ်အကိုင်အခွင့်အလမ်း ကောင်းရင်လာမှာပဲ။ မြန်မာနိုင်ငံကိုစိတ်ဝင်စားတဲ့ အမေရိကန်ကုမ္ပဏီတွေ ပိုတိုးလာနေသလို မန္တလေးကပြည်နယ်တိုင်းတွေထဲမှာ အလုပ်အကိုင်အခွင့်အလမ်းတွေများလို့လာကြတယ်။ ဒါသဘာဝပဲ။ ဒီမှာ အစိုးရ၊ ဒေသခံတွေနဲ့ ပေါင်းပြီး လုပ်နေတာတွေလည်း အများကြီးရှိတယ်။ အစိုးရဘက်ကလည်းရင်းနှီးမြှုပ်နှံမှုတွေမှာလွယ်ကူအောင် အထောက်အကူတွေ ဖြည့်ဆည်းပေးတယ်"ဟု သံအမတ်ကြီးကပြောသည်။

မန္တလေးတိုင်းအတွင်း ကုန်သွယ်မှုတိုးချဲ့ရေးနှင့်စီးပွားရေးဆက်ဆံမှု တိုးမြှင့်ရေးအခွင့်အလမ်းများနှင့်ပတ်သက်၍ အမေရိကန်ဒေသတွင်းကုမ္ပဏီ ၁၃ ခု၊ အမေရိကန်ကုန်သည်ကြီးများအသင်း (မြန်မာ)၊ အမေရိကန်ကူးသန်းရောင်းဝယ်ရေးအဖွဲ့တို့ ပါဝင်သည့်အဖွဲ့ဝင်၂၀ ပါဝင်သောစီးပွား ရေးကိုယ်စားလှယ်အဖွဲ့တွင် နည်းပညာဆိုင်ရာကုမ္ပဏီများ၊ အင်တာနက်ကုမ္ပဏီများ၊ စက်ပစ္စည်းအကြီးစားရောင်းချသည့်ကုမ္ပဏီများ၊ အစားအသောက်နှင့်ဖျော်ရည်ကုမ္ပဏီများ၊ အခြားကုမ္ပဏီများ ပါဝင်ကြောင်းသိရသည်။ "အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များနဲ့မန္တလေးတိုင်းအစိုးရအဖွဲ့၊ မန္တလေးက စီးပွားရေးလုပ်ငန်းရှင်တွေ အနာဂတ်မှာ ပိုမိုထိတွေ့မှုရလာအောင်လို့ပါ။ တချို့ကဒေသခံတွေနဲ့လက်တွဲ လုပ်ဆောင်နေကြတာတွေရှိပါတယ်။ ရှည်ကြာလာတာနဲ့အမျှ နှစ်နိုင်ငံစီးပွားရေးအပြန်အလှန်လုပ်ဆောင်မှုတွေတိုးတက်လာနိုင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။ တိုးတက်မှုကိုရာခိုင်နှုန်းဖြင့်မပြောနိုင်သော်လည်း ပြီးခဲ့သည့်ငါးနှစ်တာကာလတွင် အမေရိကန်နှင့်မြန်မာ့ကုန်သွယ်ရေးကဏ္ဍများစွာတိုးတက်လာခဲ့ပြီး ယခုနှစ်၌ အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့်မြင့်တက်လာလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ကျော်ရှိကြောင်းသိရသည်။ MRCCI အတွင်းရေးမှူးဦးဥက္ကာကျော်က "မန္တလေးတိုင်းအစိုးရက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေနဲ့ဒေသတွင်း စီးပွားရေးလုပ်ကိုင်နိုင်ဖို့ အခွင့်အလမ်းတွေ ဖော်ဆောင်ပေးရာမှာ ဂုဏ်သတင်းကျော်စောတယ်လို့ သံအမတ်ကြီးကမှတ်ချက်ပေးခဲ့တယ်။ တာဝန်ယူမှု၊ တာဝန်ခံမှုခိုင်မာတဲ့စီးပွားရေး လုပ်ငန်းတွေကိုအသင်းအနေနဲ့လည်း အစိုးရ၊ ပုဂ္ဂလိကနဲ့နိုင်ငံတကာဟန်ချက်ညီညီပူးပေါင်းပြီး အလေးထားဆောင်ရွက်သွားမှာပါ" ဟု ပြောကြားခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/134945.html?fbclid=IwAR2J3Rrq7mDnj3Lzwz Zejyu8rdHit1dS5IyGKj4KFyC8152ize9Q9Ex_xAI

## MoU လက်မှတ်ထိုးထားသော်လည်း တရုတ်သို့ဆန်ကွဲမတင်ပို့နိုင်သေး



တရုတ်နိုင်ငံသို့ တရားဝင်ဆန်ကွဲတင်ပို့နိုင်ရေး နှစ်နိုင်ငံလက်မှတ်ရေးထိုးပြီးသော်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် တင်ပို့ရောင်းချနိုင်မှု မရှိသေးကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။ "တရုတ်ကို တရားဝင်ဆန်ကွဲတင်ပို့ဖို့ နှစ်နိုင်ငံလက်မှတ်ရေးထိုးပြီးသွားပြီ။ ဒါပေမဲ့ မပို့ရသေးဘူး။ ရောင်းမယ်ဆိုရင် စရောင်းလို့ရပြီ။ တရုတ်က ကူးစက်ရောဂါကြောင့် ၁၀ ရက် ၁၅ ရက်အထိ ပိတ်ထားသေးတယ်ဆိုတော့ လက်ရှိ ဘာမှမသိရသေးဘူး။ လက်မှတ်ထိုးပြီးဖြစ်တဲ့အတွက် ရောင်းချင်တဲ့အချိန် ရောင်းလို့ရသွားပါပြီ"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တွဲဖက်အတွင်းရေးမှူး ဦးနေလင်းဇင်ကပြောသည်။

ဆန်ကွဲတင်ပို့နိုင်ရေးအတွက် နှစ်နိုင်ငံညှိနှိုင်းမှုများပြီးစီးကာ နောက်ဆုံး အဆင့်အနေဖြင့် နိုင်ငံ့ခေါင်းဆောင်ပိုင်းများလည်း လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်နေသော်လည်း မြန်မာ့ဆန်ကိုမူ သကြံန်မတိုင်မီ တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှ တင်ပို့နိုင်ရေးဆောင်ရွက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှသိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၏ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၁၇ ရက်အထိ သုံးလခွဲအတွင်း ဆန်ကွဲကို နိုင်ငံပေါင်း ၄၅ နိုင်ငံသို့ မက်ထရစ်တန် ၃၁၃၇၀၀ ဒသမ ၀၀၀ တန်ရောင်းချခဲ့ကာ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၂၉၈ သန်းရရှိခဲ့ပြီးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ကုန်သွယ်မှုဆိုင်ရာစာရင်းဇယားများအရ သိရသည်။

**Source:** https://myanmar.mmtimes.com/news/134977.html

## မြန်မာ့ဆိတ် တရုတ်ဝယ်ယူမှုနည်းနေ၍ အခြားနိုင်ငံမှတစ်ဆင့် တင်ပို့နေရ



တရုတ်နိုင်ငံက မြန်မာ့ဆိတ်များကို ဝယ်ယူမှုနည်းပါးလာခြင်းကြောင့် နယ်စပ်ဂိတ်များမှတစ်ဆင့် လာအိုနိုင်ငံသို့တင်သွင်း၍ ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်နေရခြင်းကြောင့် ဆိတ်ဈေးနှုန်း များ ကျဆင်းလျက်ရှိကြောင်း ရေစကြိုမြို့ရှိ ဆိတ်မွေးမြူသူများထံမှ သိရသည်။ "ဈေးကျတာတော့ ဒီနှစ်မှမဟုတ်ဘူး၊ နှစ်နှစ်လောက်ကို ရှိနေပြီ။ မြန်မာဆိတ်ကို တရုတ်ကမဝယ်တော့ဘူးဖြစ်နေတယ်။ ဒီက ဆိတ်တွေကို ကုမ္ပဏီတွေက ဆင်းဝယ်တယ်။ ဝယ်ပြီးတော့ မူဆယ်ဂိတ်မသွားဘူး၊ လာအိုဂိတ်ဘက်သွားပြီး အဲဒီကနေတစ်ဆင့် လာအိုဆိတ်ဆိုပြီး တရုတ်ဘက်ကိုသွင်းရတယ်။ ဒါကြောင့် ဆိတ်ဈေးကျနေတာ နှစ်နှစ်လောက်ရှိပြီ"ဟု ရေစကြိုမြို့နယ် ကိုင်းမကြီးကျေးရွာအုပ်စု မြေခဲတောင်ကျေးရွာမှ ကိုကျော်မြင့်ကပြောသည်။

လတ်တလောတွင် ရေစကြိုမြို့နယ်၌ ဆိတ်တစ်ပေါင်လျှင် ဝယ်ဈေး ကျပ် ၁၇၀၀ ခန့်သာရှိကြောင်း၊ ဆိတ်တစ်ကောင်လျှင် ပေါင် ၈၀ ခန့်အချိန်ရမှသာ ပိုင်ရှင်များကရောင်းလေ့ရှိကြောင်းသိရသည်။ "ပေါင် ၈၀ လောက် တစ်ကောင်ကို ရောင်းရင်တော့ ကျပ် ၁၃၀,၀၀၀ ကျော်လောက်တော့ရတာပေါ့။ ဒါကဈေးကျနေလို့ပါ။ ဒီမှာက လူတိုင်းနီးပါးလောက် ဆိတ်မွေးကြတယ်။ ဒီရွာက အိမ်ခြေ ၅၀၀ ကျော်ရှိတယ်။ ကျွန်တော်ဆို ဆိတ် ၅၀ ကျော်ရှိတယ်၊ အများအားဖြင့် ရွာထဲမှာဆိတ်ကောင်ရေ ရာချီမွေးကြတယ်။ ဆိတ်ကိုလွှတ်ကျောင်းတာလည်းရှိတယ်၊ ခြံနဲ့မွေးရှိတယ်၊ ဝယ်သူလာရင် တစ်ခြံလုံးဝယ်ကြတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

**Source:** https://myanmar.mmtimes.com/news/134971.html

## မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံအကြား နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေး လိုက်နာရမည့် နယ်စပ်ဈေးများ စီမံခန့်ခွဲရေးနည်းလမ်းမူကြမ်းကို နှစ်နိုင်ငံအပြန်အလှန်ညှိနှိုင်းပြင်ဆင် ရေးဆွဲလျက်ရှိ

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နယ်စပ်ဈေးများ စီမံခန့်ခွဲရေးနည်းလမ်းမူကြမ်းကို နှစ်နိုင်ငံအပြန်အလှန် ညှိနှိုင်းပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ တီးတိန်မြို့နယ် ဖာရ်တလန်းကျေးရွာ (ရွာသစ်) နယ်စပ်ဈေးနှင့် တွန်းဇံမြို့နယ်၊ ကျီခါးမြို့ ခင်မန်းကျေးရွာ နယ်စပ်ဈေးစီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၅) မှ ဦးပူဂင်ကမ်းလျန်က အမျိုးသားလွှတ်တော်၌ မေးမြန်းခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက အထက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ခြင်း ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနမှသိရသည်။

ဖာရ်တလန်းကျေးရွာ (ရွာသစ်) စီမံကိန်းနှင့် ခင်မန်းကျေးရွာ နယ်စပ်ဈေးစီမံကိန်းတို့သည် ချင်းပြည်နယ်အတွင်း ဖွင့်လှစ်ရန် လျာထားခဲ့သည့်နေရာ ငါးနေရာတွင် ပါဝင်ကြောင်း၊ အဆိုပါဖွင့်လှစ်ရန်လျာထားသည့် ငါးနေရာအနက် လေးနေရာဖြစ်သည့် ထန်တလန်မြို့နယ် ထာအိုကျေးရွာ၊ ဖလမ်းမြို့နယ် လေးလက်ကျေးရွာ၊ တီးတိန်မြို့နယ် ဖာရ်တလန်းကျေးရွာနှင့် တွန်းခံမြို့နယ် ဒါရ်ခိုင်းကျေးရွာတို့တွင် နယ်စပ်ဈေး ဖွင့်လှစ်နိုင်ရေးအတွက် တီအိုချောင်းနှင့် ကုလားတန်မြစ် (ဘွေနူးမြစ်) ကိုဖြတ်၍ နှစ်နိုင်ငံ နယ်စပ်ဈေးများအကြား တံတားလေးစင်း တည်ဆောက်ရန် လိုအပ်မည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် တွန်းဇံမြို့နယ် ကျီခါးမြို့ ခင်မန်းကျေးရွာတွင် နယ်စပ်ဈေး ကနဦး စတင်ဖွင့်လှစ်လိုကြောင်း အကြောင်းကြားချက်ကို ရန်ကုန်မြို့ရှိ အိန္ဒိယနိုင်ငံသံရုံးသို့ သံတမန်စာအဖြစ် အကြောင်းကြားခဲ့ပြီးဖြစ်သည့်အပြင် မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့အကြား နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေး အတွက် လိုက်နာဆောင်ရွက်ရမည့် နယ်စပ်ဈေးများ စီမံခန့်ခွဲရေးနည်းလမ်းမူကြမ်းကို နှစ်နိုင်ငံအပြန်အလှန် ညှိနှိုင်းပြင်ဆင် ရေးဆွဲလျက်ရှိကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးကဆိုသည်။ တွန်းဇံမြို့နယ် ကျီခါးမြို့ခင်မန်းကျေးရွာတွင် နယ်စပ်ဈေး ဖွင့်လှစ်ရန် အိန္ဒိယနိုင်ငံနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် တီးတိန်မြို့နယ် ဖာရ်တလန်းကျေးရွာတွင် နယ်စပ်ဈေး ဖွင့်လှစ်ရန်ကိစ္စနှင့်ပတ်သက်၍ တံတားတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက အိန္ဒိယနိုင်ငံနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

**Source:** https://news-eleven.com/article/158232

## မြန်မာ့ပြောင်းဆန်တွေ ထိုင်းကို အခွန်ကင်းလွတ်ခွင့်နဲ့ စတင်တင်ပို့ရောင်းချနေ



မြန်မာ့ပြောင်းဆန်တွေ ထိုင်းနိုင်ငံကို ဖေဖော်ဝါရီ လ ၁ ရက်နေ့က စတင်ပြီး အခွန်ကင်းလွတ်ခွင့်နဲ့ တင်ပို့ရောင်းချနေကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းကသိရပါတယ်။ ထိုင်းနိုင်ငံရဲ့ မူဝါဒအရ ပြောင်းဆန်တွေကို စက်တင်ဘာလကနေ ဇန်နဝါရီလကုန်အထိ ငါးလတာ အဝယ်ရပ်ဆိုင်းထားတာဖြစ်ပြီး ဖေဖော်ဝါရီ လ ၁ ရက်နေ့ကနေ ဩဂုတ်လကုန်အထိ အခွန်ကင်းလွတ်ခွင့်နဲ့ ပြန်လည် တင်ပို့ခွင့် ရတာ ကြောင့် တင်ပို့ရောင်းချနေ ပြီ လို့ ဆိုပါတယ်။အသင်းအတွင်းရေးမှူး ဦး သန့်ဇင်ထွန်း က " တင်ပို့ရောင်းချ တာတွေ လုပ်နေပြီ၊ ဒါပေမဲ့ အခု ထိုင်းငွေဈေးကကျပြီး မြန်မာငွေ ဈေးကမာနေတော့ မြန်မာငွေနဲ့ ပြန်ချိန်ဆလိုက်ရင် သိပ်မကိုက်တဲ့အတွက် အရောင်းအဝယ်နှေးနေတယ်၊ ပြောင်းဆန်တွေက ထိုင်းကုန်သည်တွေက ကြိုဝယ်ထား တာ တွေရှိတော့ တင်ပို့နေတာက ပုံမှန်ပဲ ရှိနေပါတယ်၊ မြန်မာဘက်ကလဲ သယ်ယူစရိတ်နဲ့ တောင်သူတွေကလဲ သွင်းအားစုဈေးမြင့်တာ တွေကြောင့် ရန်ကုန်ပေါက်ဈေးနဲ့ ထိုင်းကပေးတဲ့ဈေးနဲ့က အဆင်မပြေဖြစ်နေတာ"လို့ ပြောပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီလကတည်း က စတင်ပြီး ထိုင်းနိုင်ငံကို တင် သွင်းရန် မြန်မာ့ပြောင်းဆန် တွေကို မြဝတီ မြို့က ဂိုဒေါင်တွေ

မှာ ထိုင်းကုန်သည်တွေက ကြိုတင်ဝယ်ယူ သိုလှောင်မှု ပြုလုပ်ထားပြီး လက်ရှိ မြန်မာ့ပြောင်းဆန် ဈေးနှုန်းက ၁၅ ကီလိုဂရမ်ကို ထိုင်းဘတ်ငွေ ၁၀၃ ကျပ် ရှိပါတယ်။ မြန်မာ့ပြောင်းဆန်တွေကို ပထမဆုံးအကြိမ်အဖြစ် **MoU မထိုးနိုင်သေး**တစ်နှစ်ပတ်လုံး ဝယ်ယူဖို့ MoU လက်မှတ်ရေးထိုး ဖို့ စီစဉ်ထားပေမဲ့ ထိုင်းနိုင်ငံက ပြောင်းစိုက်တောင်သူတွေက မဝယ်ဖို့ ကန့်ကွက်နေတာ MoU လက်မှတ်မရေးထိုးနိုင်သေးဘူးလို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ တစ်နှစ်တာကာလအတွင်း ပြောင်းဆန်တန်ချိန် ၁၁ သန်း ခန့်ထွက်ရှိပြီးထွက်ရှိမှု ထက်ဝက်ခန့်ကို ပြည်တွင်းသုံးစွဲမှု ရှိပါတယ်။ ပြည်ပဈေးကွက်အနေနဲ့ တရုတ်နိုင်ငံကို အဓိကတင်ပို့နေတာဖြစ်ပြီး၊ မြန်မာ့ပြောင်းဆန်ဈေးကွက်က အရောင်းအဝယ် တိုးတက်နိုင်ဖို့ ဝယ်လက်တွေရှိနေပေမဲ့ အရည်အသွေးနဲ့ ဈေးကွက်ချိတ်ဆက်မှု အားနည်းချက်တွေ ရှိတယ်လို့ ပြောင်းကုန်သည်တွေကသုံးသပ်ပါတယ်။

**Source:** https://www.kumudranews.com/news-37047

## ပြည်တွင်းသို့ ထိုင်းနိုင်ငံမှကြက်သားထုတ်ကုန် တစ်ရက်လျှင် တန် ၄၀ ကျော်ဝင်ရောက်

ပြည်တွင်းဈေးကွက်သို့ ထိုင်းနိုင်ငံမှ ကြက်သားလွှာများ၊ အသည်းအမြစ်များစသည့်ထုတ်ကုန်များသည် တစ်ရက်လျှင် ပျမ်းမျှတန်ချိန်တန် ၄၀ ခန့် နေ့စဉ်ဝင်ရောက်နေသည့်အတွက် ပြည်တွင်းကြက်သား ဈေးကွက် သက်ရောက်မှုများရှိနိုင်ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဒေါက်တာနေသူရိန်ကပြောသည်။ ပြည်တွင်းကြက်သား ဈေးကွက်သည် ၂၀၁၉ ခုနှစ်မှစ၍ ဈေးနိမ့်ကျခဲ့ရာ မန္တလေးတွင်တစ်ပိဿာလျှင် ခြံဖမ်းဈေး ကျပ် ၂,၆၀၀ နှင့် ပြီးခဲ့သည့် လပိုင်းက ရန်ကုန်တွင် ကျပ် ၂,၀၀၀ အထိ ကျဆင်းခဲ့ကြောင်းသိရသည်။ ကြက်သားတစ်ပိဿာလျှင် ကျပ် ၃,၀၀၀ ဝန်းကျင်ခန့် ပေါက်ဈေးရှိပါက စားသုံးသူနှင့် မွေးမြူသူအတွက် သင့်လျော်သည်ဟုပြောဆိုသည်။ "အသားလွှာနဲ့ အသည်းအမြစ်တွေက တစ်ရက်ကို အကြမ်းဖျင်းတန် ၄၀ အထက် ဝင်ရောက်နေတယ်။ လုံခြုံစိတ်ချမှုတော့ အကြမ်းဖျင်းရှိ တယ်ပြောရမယ်။သူပို့တာက ဂျပန်နဲ့ EU ကိုပို့တယ်။ ဒီဘက်ဝင်လာတာတွေက Reject တွေပါ။ ကြက်သားဈေးကွက်မှာ Import ဝင်လာရင် အနည်းနဲ့ အများထိခိုက်တတ်တာပဲ"ဟု ဒေါက်တာနေသူရိန်ကပြောသည်။

ထိုင်းနိုင်ငံမှ ကြက်သားများသည် ဂျပန်နိုင်ငံနှင့် EUနိုင်ငံများသို့တင်ပို့နေပြီး မြန်မာနိုင်ငံသို့ အသားလွှာများအဖြစ် ဝင်ရောက်လာကြောင်း၊ ယခင်နှစ်များက တရုတ်ဘက်မှ ပြည်တွင်းသို့ဝင်ရောက်မှုရှိသော်လည်း လက်ရှိတွင် ပြည်တွင်းထက် ဈေးနှုန်းမြင့်နေခြင်းနှင့် ၎င်းတို့ဈေးကွက်လိုအပ်ချက်ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံသို့ တင်သွင်းမှုမရှိတော့ကြောင်းသိရသည်။
"တရုတ်က ပိတ်လိုက်တာ ရာနှုန်းပြည့်မဟုတ်ပါဘူး။ နယ်စပ်မှာတင်းကြပ်တာရှိတယ်။ တရုတ်ကဈေးနှုန်းမြင့်နေသလို သူတို့ဈေးကွက်မှာ လိုအပ်ချက်ကရှိနေတယ်။ အရင်က တရုတ်ဘက်ကနေ ကြက်သားတချို့ Reject ဝင်တာတွေ ရှိခဲ့တယ်။ ဘယ်အရာမဆို ပြည်ပကဝင်လာတာရှိရင် ပြည်တွင်းမှာသက်ရောက်မှုတော့ အနည်းနဲ့အများရှိကြတယ်"ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ပြည်တွင်းကြက်သားဈေးကွက် (မန္တလေး)တွင် ၂၀၁၉ ခုနှစ်က ခြံဖမ်းဈေးမှာ တစ်ပိဿာ ကျပ် ၂,၇၀၀ ဝန်း ကျင်ရှိခဲ့ရာမှ လက်ရှိတွင် ကျပ် ၂,၆၀၀ ဝန်းကျင်သာရှိကြောင်း၊ ကြက်မွေးမြူရေးသမားများအနေဖြင့် ကြက်သားဈေးကျဆင်းမှုကြောင့် အခက်အခဲနှင့်ရင်ဆိုင်နေရပြီး ၎င်းအတွက်ဖြေရှင်းရန် ထုတ်လုပ်မှုစရိတ်လျှော့နည်းရေးအတွက် မွေးမြူရေးပုံစံပြောင်းလဲရန်နှင့် ကြက်ပေါက်ဈေးလျှော့နည်းရန် စသည်တို့လိုအပ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/134949.html

## ကိုရိုနာဗိုင်းရပ်စ်အဆုတ်ရောင်ရောဂါကြောင့် အရောင်းအဝယ်များ အေးစက်ခဲ့သော်လည်းဈေးနှုန်းများ သိသာစွာကျဆင်းမှုမရှိသည့် မန္တလေးပဲဈေးကွက်

ယခုလပိုင်းအတွင်းဖြစ်ပေါ်ခဲ့သည့် အဆုတ်ရောင်ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် မန္တလေးပဲဈေးကွက်တွင် အရောင်းအဝယ်များအေးစက်ခဲ့သော်လည်း ဈေးနှုန်းများသိသာစွာကျဆင်းမှုမရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။ ယခင်နှစ်များက ယခုရာသီတွင် အရောင်းအဝယ်များအေးစက်ကာ ဈေးနှုန်းများကျဆင်းလေ့ရှိသော်လည်း ယခုနှစ်

တွင် တရုတ်နှစ်ကူးနှင့်အတူ တစ်ချိန်တည်းဖြစ်ပွားလာသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်နိုင်ငံသို့တင်ပို့သည့် ပဲအမျိုးအစားများ အရောင်းအဝယ်အေးစက်ခဲ့သော်လည်း ဆီထွက်သီးနှံ နှမ်းမှလွဲ၍ ကျန်ပဲအမျိုးအစားဈေးနှုန်းများမှာ နှစ်ကူးမတိုင်ခင်ပေါက်ဈေးများအတိုင်း ဆက်လက်ရပ်တည်လျက်ရှိကြောင်းသိရသည်။ "၂၀၂၀ ဇန်နဝါရီလအတွင်းမှာ တရုတ်နှစ်ကူးနဲ့အတူ ဒီဗိုင်းရပ်စ် ရောဂါပိုးက ကမ္ဘာအနှံ့အပြားကို ခြိမ်းခြောက်လာတဲ့အတွက် မြန်မာပြည်မှာလည်း သက်ရောက်မှုတွေရှိလာတယ်။ အဓိကအနေနဲ့ ကျွန်တော်တို့ အားထားရောင်းချရတဲ့ တရုတ်ဈေးကွက်က ရပ်တန့်သွားခဲ့တယ်။ ဒါပေမယ့် အဆိုးထဲက အကောင်းဆိုသလို မန္တလေးဈေးကွက်ရဲ့ အရောင်းအဝယ်ကရပ်တန့်မသွားဘဲ နေ့စဉ်ပုံမှန်တရုတ်ဝယ်လက်တွေက ဈေးကွက်ဖွင့်ရင် အဆင်သင့်ဖြစ်အောင် လက်ရှိပေါက်ဈေးနဲ့ ဝယ်ယူမှုတွေရှိနေတယ်။ နှမ်းကတော့ ဒီဂယက်ကြောင့် သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ်တစ်သောင်းလောက် ကျဆင်းသွားပြီး ပဲတီစိမ်း၊ မြေပဲလုံးဆန်၊ မြေထောက်ပဲတွေကတော့ နှစ်ကူးမတိုင်ခင်က ပေါက်ဈေးအတိုင်းပဲ အရောင်းအဝယ်ဖြစ်နေကြတယ်။ ဒါပေမယ့် အိန္ဒိယပို့ကုန်ဖြစ်တဲ့ မတ်ပဲ နဲ့ ပဲစင်းငုံတွေကတော့ ဒီကာလမှာ သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ်တစ်သောင်းဝန်းကျင်လောက် ဈေးကျလာတယ်"ဟု ၎င်းကပြောသည်။ မန္တလေးပဲဈေးကွက်တွင် လက်ရှိကာလ၌ အရောင်းအဝယ်ဖြစ်နေသည့် ပဲဈေးနှုန်းများအနေဖြင့် ပဲတီစိမ်း (ခရမ်းရွှေဝါ)မှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၈၀၀၀ ၊ ပဲတီစိမ်း (အညာရွှေဝါ)မှာ ငွေကျပ် ၁၀၇၀၀၀၊ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၆၀၀၀၊ နှမ်းနက်မှာ ငွေ ကျပ် ၂၁၅၀၀၀၊ မြေပဲ (လုံးဆန်) တစ်ပိဿာလျှင် ငွေကျပ် ၃၁၀၀၊ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၈၀၀၀၊ မတ်ပဲ သုံး တင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၉၈၀၀၀ နှင့် ပဲစင်းငုံ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၅၆၀၀၀ နှုန်း ဖြင့် အရောင်းအဝယ်ရှိနေကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2022967267943771

## မန္တလေးတိုင်း၌ ရင်းနှီးမြှုပ်နှံရန် အမေရိကန်လုပ်ငန်းရှင်များ စိတ်ဝင်စားမှုများနေ

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အမေရိကန်လုပ်ငန်းရှင်များအနေဖြင့်စိတ်ဝင်စားမှု မြင့်တက်လျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံ၏ အထင်ကရမြို့တော်ဖြစ်သည့် မန္တလေးတိုင်းဒေသကြီးအတွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများပြားခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ဒေသတွင်းစီးပွားရေးလုပ်ကိုင်နိုင်ရန် ကောင်းမွန်သောအခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းတို့ကြောင့် အမေရိကန်နိုင်ငံ လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုတိုးလာသည်ဟု အမေရိကန်နိုင်ငံသံအမတ်ကြီး မာစီရယ်ကပြောသည်။

အမေရိကန်သံအမတ်ကြီးဦးဆောင်သည့် ကုန်သွယ်ရေးကိုယ်စားလှယ် ၂၀ သည် မန္တလေးတိုင်းအတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် အချိတ်အဆက်ရရှိရန် တိုင်းအစိုးရအဖွဲ့ဝင်များ၊ MRCCI မှ တာဝန်ရှိသူများနှင့် မန္တလေးကွန်ဗင်းရှင်းစင်တာတွင် ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီကပြုလုပ်သည့် တွေ့ဆုံပွဲ၌ပြောကြားခဲ့သည်။ "စီးပွားရေးသမားကတော့ အလုပ်အကိုင်အခွင့်အလမ်း ကောင်းရင်လာမှာပဲ။ မြန်မာနိုင်ငံကို စိတ်ဝင်စားတဲ့ အမေရိကန်ကုမ္ပဏီတွေ ပိုတိုးလာနေသလို မန္တလေးက ပြည်နယ်တိုင်းတွေ ထဲမှာ အလုပ်အကိုင်အခွင့်အလမ်းတွေများလို့လာကြတယ်။ ဒါသဘာဝပဲ။ ဒီမှာ အစိုးရ၊ ဒေသခံတွေနဲ့ပေါင်းပြီး လုပ်နေတာတွေလည်းအများကြီးရှိတယ်။ အစိုးရဘက်ကလည်းရင်းနှီးမြှုပ်နှံမှုတွေမှာ လွယ်ကူအောင် အထောက်အကူတွေ ဖြည့်ဆည်းပေးတယ်"ဟု သံအမတ်ကြီးကပြောသည်။

မန္တလေးတိုင်းအတွင်းကုန်သွယ်မှုတိုးချဲ့ရေးနှင့် စီးပွားရေးဆက်ဆံမှုတိုးမြှင့်ရေး အခွင့်အလမ်းများနှင့်ပတ်သက်၍ အမေရိကန်ဒေသတွင်း ကုမ္ပဏီ ၁၃ ခု၊ အမေရိကန်ကုန်သည်ကြီးများအသင်း(မြန်မာ)၊ အမေရိကန်ကူးသန်းရောင်းဝယ်ရေးအဖွဲ့တို့ပါဝင်သည့် အဖွဲ့ဝင် ၂၀ ပါဝင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့တွင် နည်းပညာဆိုင်ရာကုမ္ပဏီများ၊ အင်တာနက်ကုမ္ပဏီများ၊ စက်ပစ္စည်းအကြီးစားရောင်းချသည့်ကုမ္ပဏီများ၊ အစားအသောက်နှင့်ဖျော်ရည်ကုမ္ပဏီများ၊ အခြားကုမ္ပဏီများ ပါဝင်ကြောင်းသိရသည်။ "အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များနဲ့မန္တလေးတိုင်းအစိုးရအဖွဲ့၊ မန္တလေးက စီးပွားရေးလုပ်ငန်းရှင်တွေ အနာဂတ်မှာပိုမိုထိတွေ့မှုရလာအောင်လို့ပါ။ တချို့ကဒေသခံတွေနဲ့လက်တွဲလုပ်ဆောင်နေကြတာတွေရှိပါတယ်။ ရှည်ကြာလာတာနဲ့အမျှနှစ်နိုင်ငံစီးပွားရေးအပြန်အလှန်လုပ်ဆောင်မှုတွေတိုးတက်လာနိုင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။ တိုးတက်မှုကို ရာခိုင်နှုန်းဖြင့် မပြောနိုင်သော်လည်း ပြီးခဲ့သည့် ငါးနှစ်တာကာလတွင် အမေရိကန်နှင့်မြန်မာ့ကုန်သွယ်ရေး

ကဏ္ဍများစွာ တိုးတက်လာခဲ့ပြီး ယခုနှစ်၌ အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့်မြင့်တက်လာလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ကျော်ရှိကြောင်းသိရသည်။

MRCCI အတွင်းရေးမှူးဦးဥက္ကာကျော်က "မန္တလေးတိုင်းအစိုးရက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေနဲ့ဒေသတွင်း စီးပွားရေး လုပ်ကိုင်နိုင်ဖို့ အခွင့်အလမ်းတွေ ဖော်ဆောင်ပေးရာမှာ ဂုဏ်သတင်းကျော်စောတယ်လို့ သံအမတ်ကြီးကမှတ်ချက်ပေးခဲ့တယ်။ တာဝန်ယူမှု၊ တာဝန်ခံမှုခိုင်မာတဲ့ စီးပွားရေးလုပ်ငန်းတွေကိုအသင်းအနေနဲ့လည်း အစိုးရ၊ ပုဂ္ဂလိကနဲ့နိုင်ငံတကာ ဟန်ချက် ညီညီပူးပေါင်းပြီး အလေးထားဆောင်ရွက်သွားမှာပါ" ဟု ပြောကြားခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/134945.html

## မူဆယ်နယ်စပ်ကုန်သွယ်ရေး တစ်ရက်ဒေါ်လာရှစ်သန်းလောက်ထိခိုက်

တရုတ်နိုင်ငံမှာဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်-မြန်မာ နယ်စပ်မူဆယ်မြို့မှာ ကုန်သွယ်ရေးထိခိုက်နေပြီး တစ်ရက်ကို အမေရိကန်ဒေါ်လာ ရှစ်သန်းလောက်နစ်နာနေတယ်လို့ ကုန်သွယ်ရေးဦးစီးဌာနကဆိုပါတယ်။ ကိုရိုနာ ဗိုင်းရပ်စ်ကြောင့် တရုတ်ပြည်မကြီးနဲ့ တရုတ်နယ်စပ်ကိုလာတဲ့ လမ်းအချို့ပိတ်ထားတာကြောင့် ကုန်သွယ်ရေးသိသိသာသာ ကျဆင်းနေတာလို့ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလန်းဆန်းဦးကပြောပါတယ်။

တရုတ်နှစ်သစ်ကူးကာလဖြစ်တဲ့ ဇန်နဝါရီ ၂၄ ရက်မတိုင်ခင် ကုန်သွယ်မှုတန်ဖိုးက နေ့စဉ် ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာငါးသန်းနဲ့ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာငါးသန်း စုစုပေါင်း ပို့ကုန်၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ဆယ်သန်းလောက်ရှိခဲ့ပါတယ်။ နှစ်သစ်ကူးကာလနောက်ပိုင်း ဇန်နဝါရီလ ၂၆ ရက် နောက်ပိုင်းမှာ ကုန်သွယ်မှုတန်ဖိုးတွေ ကျဆင်းသွားပြီး လက်ရှိမှာပို့ကုန်တန်ဖိုးတစ်သန်းနဲ့ သွင်းကုန်တန်ဖိုးတစ်သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ နှစ်သန်းအထိ လျော့ကျတယ်လို့ပြောပါတယ်။ မြန်မာဘက်ကတော့ လတ်တလောမှာ လယ်ယာထွက်ကုန်တွေပဲ ၁၀၅ မိုင် ဂိတ်ကို ဝင်ရောက်တာရှိပြီး တရုတ်ဘက်ကို တင်ပို့ဖို့မရသေးလို့ မူဆယ်က ဂိုထောင်တွေမှာ သိုလှောင်ထားရပါတယ်။

**Source:** https://www.facebook.com/rfaburmese/

## အစိုးရ၏အထောက်အပံ့ရယူတင်ပို့သည့် အိန္ဒိယကုန်စည်များအပေါ် အမေရိကန်က စိစစ်စုံစမ်းမှုများဆောင်ရွက်မည်

အမေရိကန်နိုင်ငံသည် ပြည်တွင်းရှိလုပ်ငန်းရှင်များအား အကာအကွယ်ပေးရန်အတွက် နိုင်ငံအတွင်းသို့ တင်သွင်းသော ကုန်စည်များအား သက်ဆိုင်ရာ ထုတ်လုပ်တင်ပို့သည့်နိုင်ငံ၌ အစိုးရထံမှပို့ကုန်အထောက်အပံ့များ ရယူခြင်းရှိမရှိကို စုံစမ်းစိစစ်၍ တန်ပြန်အကောက်ခွန်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပို့ကုန်များအပေါ် ထိုသို့စိစစ်မှုမှ ကင်းလွတ်ခွင့် ပြုထားပါသည်။ သို့ရာတွင် ၁၀.၂.၂၀၂၀ နေ့၌ အမေရိကန်နိုင်ငံအစိုးရသည် အိန္ဒိယနိုင်ငံအပါအဝင် အချို့သောနိုင်ငံများကို အဆိုပါကင်းလွတ်ခွင့်ပြုထားသည့် စာရင်းမှဖယ်ရှားခဲ့ပါသည်။

အိန္ဒိယနိုင်ငံသည် G-20 အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်လျက်ရှိပြီး ကမ္ဘာ့ကုန်သွယ်မှုတွင် ပါဝင် သည့်အချိုးအစားမှာလည်း ဝ.၅% ထက်ကျော်လွန်လျက်ရှိသဖြင့် အမေရိကန်နိုင်ငံ၏ တန်ပြန်အကောက်ခွန်ဥပဒေ (countervailing duty law) အရ သက်ဆိုင်ရာအစိုးရထံမှ ပို့ကုန်ဆိုင်ရာအထောက်အပံ့များရယူခြင်းရှိ/မရှိ စုံစမ်းစိစစ်ခြင်းမှ ကင်းလွတ်ခွင့်ရရှိမည့်ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းကို အမေရိကန်ပြည်ထောင်စုကုန်သွယ်ရေးကိုယ်စားလှယ်ရုံး (USTR) က အသစ်ပြန်လည် ထုတ်ပြန်ရာတွင် ပါဝင်ခြင်း မရှိတော့ကြောင်းသိရှိရသည်။

အိန္ဒိယနိုင်ငံ၏ ၂၀၁၈ ခုနှစ်၌ ကမ္ဘာ့ကုန်သွယ်မှုတွင်ပါဝင်မှုအခြေအနေမှာ ပို့ကုန်၌ ၁.၆၇% နှင့် သွင်းကုန်၌ ၂.၅၇% ရှိခဲ့ရာ အမေရိကန်နိုင်ငံက ၎င်း၏စံနှုန်းအရ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ USTR ၏ ထုတ်ပြန်ချက်၌ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ စာရင်းအား ယခုကဲ့သို့ပြန်လည်ပြင်ဆင်ရာတွင် လူတစ်ဦးကျအမျိုးသားဝင်ငွေ (Per capita GNI)၊ ကမ္ဘာ့ကုန်သွယ်ရေး၌ ပါဝင်မှုရာခိုင်နှုန်းနှင့် နိုင်ငံအလိုက်စီးပွားရေးအင်အားအရ ဖွဲ့စည်းထား သည့် OECD, EU, G20 စသည့် နိုင်ငံတကာအဖွဲ့အစည်းများတွင်ပါဝင်မှု အချက်အလက်များအပေါ်အခြေပြု၍ သတ်မှတ်ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။ အိန္ဒိယနိုင်ငံနည်းတူ အာရှအရှေ့ပိုင်းမှ တရုတ်၊ ဟောင်ကောင်၊ တောင်ကိုရီးယားနှင့်အာဆီယံဒေသတွင်းမှ

အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ် တို့အပါအဝင် နိုင်ငံပေါင်း ၂၄ နိုင်ငံမှာ အဆိုပါစာရင်း၌ ပြန်လည်ပါဝင်လာခြင်းမရှိကြောင်း တွေ့ရှိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အိန္ဒိယ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများအနက် အမေရိကန် နိုင်ငံသည် စုစုပေါင်းကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၈၇.၉၅၅ ဘီလီယံ (၁၀.၄၂%) ဖြင့် ပထမနေရာ ၌ ရပ်တည်နေခဲ့ပြီး အိန္ဒိယအနေဖြင့် ၎င်းနှစ်ကာလတွင် အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှုပိုငွေ ဒေါ်လာ ၁၆.၈၅၆ ဘီလီယံ ရရှိခဲ့သည်။ USTR ၏ စာရင်းများအရ ၂၀၁၈ ခုနှစ်အတွင်း အမေရိ ကန်နိုင်ငံမှ တင်သွင်းခဲ့သော အိန္ဒိယ၏ပို့ကုန်များအနက် GSP အခွင့်အရေးရရှိခဲ့သောပမာဏမှာ ဒေါ်လာ ၆.၃ ဘီလီယံခန့်ရှိခဲ့သည်။ အမေရိကန်နိုင်ငံသမ္မတ ဒေါ်နယ်ထရန့်သည် ဖေဖော်ဝါရီ ၂၄-၂၅ ရက်နေ့များတွင် အိန္ဒိယ နိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း သမ္မတအိမ်ဖြူတော်မှ သတင်းထုတ်ပြန်ထားပြီး ၎င်းခရီးစဉ်မတိုင်မီ နှစ်နိုင်ငံအကြား ဆွေးနွေးလျက်ရှိသည့် ကုန်သွယ်ရေးသဘောတူညီချက် တစ်ရပ်ကို အပြီးသတ်ညှိနှိုင်းရန်အတွက် အမေရိကန် ကုန်သွယ်ရေးဝန်ကြီး Mr. Robert Lighthizer သည် အိန္ဒိယနိုင်ငံသို့ ဦးစွာလာရောက်ဖွယ်ရှိပါသည်။ သို့ရာတွင် ယခုကဲ့သို့ ဖွံ့ဖြိုးမှုအဆင့် တိုးမြှင့်သတ်မှတ်ခံရခြင်းက အမေရိကန်နိုင်ငံသို့တင်ပို့လျက်ရှိသော ကုန်စည်များအတွက် အိန္ဒိယအစိုးရမှ အထောက်အပံ့များ ပေးအပ်ခြင်းကို အတားအဆီးဖြစ်စေသကဲ့သို့ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် အမေရိကန်အစိုးရက GSP အထူးအခွင့်အရေး ပေးအပ်ထားမှုမှ ရုတ်သိမ်းခဲ့သော အိန္ဒိယပို့ကုန်များအတွက် GSP အခွင့်အရေး ပြန်လည်တောင်းဆိုရန် မျှော်လင့်ချက်ကိုလည်း မှေးမှိန်စေခဲ့ပြီဖြစ်ပါသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီး Mr. Piyush Goyal က ၎င်းတို့အနေဖြင့် GSP ကဲ့သို့ အခြားနိုင်ငံမှ ပေးအပ်သော အထောက်အပံ့များမလိုအပ်ကြောင်းပြောကြားသော်လည်း ပြည်တွင်းရှိကုန်သည်လုပ်ငန်းရှင်များကမူ ထုတ်လုပ်မှု စရိတ်သက်သာစွာဖြင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်သည့် ပြိုင်ဘက်များဈေးကွက်သို့ဝင်ရောက်မှု ပိုမိုမြင့်မားလာခြင်းကြောင့် အိန္ဒိယ၏ ပို့ကုန်လုပ်ငန်းကဏ္ဍမှာ ဖိအားများအောက်၌ ရှန်းကန်နေရဦးမည်ဖြစ်ကြောင်း ပြောဆိုလျက်ရှိကြပါသည်။

စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့

**Source:** 1. India out of US' developing nations list for trade benefits, 12 Feb 2020, Economic Times

2. US Declares India As A Developed Nation, 13 Feb 2020, www.trak.in

## STOCK EXCHANGE (7.2.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 7th Feb. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +500 | +4.55% | 11,500 | 11,500 | 11,500 | 2,748 | 31,602,000 | 27,112,747 | 311,797 |
| MTSH | 00002 | 4,000 | -100 | -2.44% | 4,000 | 4,000 | 4,000 | 3,885 | 15,540,000 | 38,929,150 | 155,717 |
| MCB | 00003 | 8,400 | +200 | +2.44% | 8,400 | 8,400 | 8,400 | 2 | 16,800 | 10,400,986 | 87,368 |
| FPB | 00004 | 23,000 | -500 | -2.13% | 23,500 | 23,500 | 23,000 | 632 | 14,552,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 12,823,224 | 36,546 |

## Market summary

As of 7th Feb. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 473.44 | +7.68 | +1.65% | 474.34 | 474.34 | 473.44 | 7,267 | 61,710,800 | 5 | 648,285 |

### Index chart




# Market Overview

As of 1:00 pm, 7th Feb. 2020

| MYANPIX | 473.44 ▲ 7.68 |
|---|---|
| Total Volume (shares) | 7,267 |
| Total Value (MMK) | 62 mil |
| Listed Company | 5 |
| Market Cap. (MMK) | 648,285 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 500 |
| MTSH | 00002 | 4,000 | ▼ 100 |
| MCB | 00003 | 8,400 | ▲ 200 |
| FPB | 00004 | 23,000 | ▼ 500 |
| TMH | 00005 | 2,850 | ▲ 0 |